စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**ငါးလုပ်ငန်းဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက် ၊ မြေတိုင်း အမှတ်(၂/၂)ပေါ်ရှိ မြေ(၁.၁၃)ဧက (၄၉၂၂၂.၈စတုရန်းပေ) နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦ (၃၂၄၇၉.၃၄၁စတုရန်းပေ) တို့အားတန်(၃၀၀)ဆန့်ငါး/ပုစွန်အအေးခန်းစက်ရုံနှင့်တစ်နေ့(၁၅)တန်ကျရေခဲစက်ရုံတည်ဆောက်၍ ငါး/ပုစွန်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန် BOTစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာ နှင့်စည်းကမ်းချက်များအားတစ်စုံလျှင်၁၀၀၀၀ဝိ/-(ကျပ်တစ်သောင်းတိတိ) ဖြင့် ငါးလုပ်ငန်းဦးစီးဌာန၊ စီမံရေးရာဌာနစု၊ ရုံးအမှတ်(၃၆) နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံရောင်းချမည့် -

| | | | |
|---|---|---|---|
| (က) | နေ့ရက် | - | ( ၅-၉-၂၀၂၂ ) ရက်မှ( ၁၆-၉-၂၀၂၂ )ရက်အထိ။ |
| (ခ ) | အချိန် | - | နေ့စဉ်ရုံးဖွင့်ချိန်များတွင်နံနက်(၀၉:၃၀)နာရီမှ (၁၅:၃၀) နာရီထိ။ |
| (ဂ ) | နေရာ | - | ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ရုံးအမှတ်(၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။ |

| | | | |
|---|---|---|---|
| ၄။ | အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ | - | ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၃၆)၊ ပဏ္ဍိတလမ်း၊ နေပြည်တော်။ |
| ၅။ | အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်/အချိန် | - | (၁၄- ၉ -၂၀၂၂)ရက်နေ့မှ (၂၁ -၉ -၂၀၂၂) ရက်အထိ။ နံနက်(၀၉:၃၀)နာရီမှ (၁၅:၃၀) နာရီထိ။ |
| ၆။ | အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန် | - | ( ၂၉ -၉- ၂၀၂၂ ) ရက်နေ့ နံနက်(၁၀:၀၀) နာရီ |

၇။ တင်ဒါကြော်ငြာအားဝန်ကြီးဌာန Website;www.moali.gov.mm တွင် လည်းဖော်ပြပေးထားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) ဖုန်းနံပါတ် ၀၆၇-၄၀၈၄၇၄၊၀၉-၂၅၄ ၅၅၄ ၃၄၇ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန

ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက် ၊ မြေတိုင်းအမှတ်(၂/၂)၊ တန်(၃၀၀)ဆန့်ငါး/ပုစွန်အအေးခန်းစက်ရုံ နှင့်တစ်နေ့(၁၅)တန်ကျ ရေခဲစက်ရုံ တည်ဆောက်၍ ငါး/ပုစွန်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မြေ(၁.၁၃)ဧက (၄၉၂၂.၈စတုရန်းပေ) နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦ (၃၂၄၇၉.၃၄၁စတုရန်းပေ) တို့အား လုပ်ငန်းရှင်/ကုမ္ပဏီများသို့ ငှားရမ်းနိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်းသည့်စည်းကမ်းချက်များ-

၁။ တင်ဒါအဆိုပြုလွှာလျှောက်ထားသည့်လုပ်ငန်းရှင်/ကုမ္ပဏီများအနေဖြင့်အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည် -

(က) စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ ရန်ကုန် တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက် ၊ မြေတိုင်းအမှတ် (၂/၂)။ တန်(၃၀၀)ဆန့်ငါး/ပုစွန်အအေးခန်းစက်ရုံနှင့် တစ်နေ့(၁၅)တန်ကျ ရေခဲစက်ရုံ တည်ဆောက် ၍ ငါး/ပုစွန်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မြေ (၁.၁၃)ဧက (၄၉၂၂.၈စတုရန်းပေ) နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦ (၃၂၄၇၉.၃၄၁ စတုရန်းပေ) တို့အား ငှားရမ်းလုပ်ကိုင်ဆောင်ရွက် လိုသည့်လုပ်ငန်းရှင်/ကုမ္ပဏီများသို့ B.O.T စနစ်ဖြင့် ငှားရမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အဆိုပြုလွှာများအား သတ်မှတ်ထားသည့်အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ သတ်မှတ်ရက်အတွင်း အရောက်ပေးပို့တင်ပြ ဆောင်ရွက် ရမည်ဖြစ်ပါသည်။

(ခ) တင်ဒါအဆိုပြုလိုသည့်လုပ်ငန်းရှင်/ကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်/ကုမ္ပဏီများဖြစ်ရမည် တရားဝင်ခွင့်ပြုထားသော လိုင်စင်မိတ္တူနှင့် မှတ်ပုံတင်မိတ္တူများ ပူးတွဲတင်ပြရမည့်အပြင် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံနှင့်အရည်အချင်းရှိသည့် လုပ်ငန်းရှင်/ကုမ္ပဏီဖြစ်ရပါမည်။

(ဂ) ငှားရမ်းဆောင်ရွက်လုပ်ကိုင်မည့်နေရာများတွင် မြေ(၁.၁၃)ဧက(၄၉၂၂.၈စတုရန်းပေ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ(၃၂၄၇၉.၃၄၁စတုရန်းပေ)တို့အား တန်(၃၀၀)ဆန့် ငါး/ပုစွန် အအေးခန်းစက်ရုံနှင့် တစ်နေ့(၁၅)တန်ကျ ရေခဲစက်ရုံတည်ဆောက်၍ ငါး/ပုစွန်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအားကိုသာ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး အခြား စီးပွားရေးလုပ်ငန်းများ၊ ဥပဒေနှင့် မလွတ်ကင်း သောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ဃ) အဆိုပြုလွှာတင်သွင်းသောလုပ်ငန်းရှင်/ကုမ္ပဏီများသည်တည်ဆဲဥပဒေအမိန့်ညွှန်ကြားချက် နှင့်အညီလိုက်နာဆောင်ရွက်ရပါမည်။

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် သက်ဆိုင်ရာခွင့်ပြုချက်ရရှိပြီးမှသာ လုပ်ငန်းဆောင်ရွက်ခွင့် ရှိမည်ဖြစ်ပါသည်။

(စ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက်နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီးစာချုပ်ချုပ်ဆိုပြီးချိန်တွင် လုပ်ငန်းလုပ်ကိုင်မည့် တန်(၃၀၀)ဆန့် ငါး/ပုစွန် အအေးခန်းစက်ရုံနှင့် တစ်နေ့(၁၅)တန်ကျ ရေခဲစက်ရုံတည်ဆောက်၍ ငါး/ပုစွန်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း **လုပ်ကိုင်မည့်** မြေ(၁.၁၃)ဧက(၄၉၂၂၂.၈၈စတုရန်းပေ) နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦ (၃၂၄၇၉.၃၄၁ စတုရန်းပေ) တို့အား လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေး ဌာနမှ ဖွဲ့စည်းထားသောအဖွဲ့မှ လွှဲပြောင်းပေးမည်ဖြစ်ပါသည်။

(ဆ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် တန်(၃၀၀)ဆန့် ငါး/ပုစွန် အအေးခန်းစက်ရုံနှင့် တစ်နေ့(၁၅)တန်ကျ ရေခဲစက်ရုံတည်ဆောက်၍ ငါး/ပုစွန်များ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်မည့် မြေ(၁.၁၃)ဧက(၄၉၂၂၂.၈၈စတုရန်းပေ) နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦ (၃၂၄၇၉.၃၄၁ စတုရန်းပေ) တို့၏ ငှားရမ်းသက်တမ်းကို ရင်းနှီးမြှုပ်နှံမှုပမာဏ အပေါ် မူတည်၍ နှစ်ရှည်သတ်မှတ်ပြီး စာချုပ် ချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်သည်။

(ဇ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသော မြေ(၁.၁၃)ဧက(၄၉၂၂၂.၈၈စတုရန်းပေ) နှင့်ယင်းမြေပေါ်ရှိ အဆောက် အဦ (၃၂၄၇၉.၃၄၁ စတုရန်းပေ) တို့၌ အမှန်တကယ် လုပ်ကိုင်နေသော လုပ်ငန်း အမျိုးအစားနှင့်လျှောက်လွှာတွင်ဖော်ပြထားသောလုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်းကိုက်ညီ မှုမရှိခြင်း၊ စာချုပ်စည်းကမ်းများမှ စည်းကမ်းချက်တစ်ခုခုအား ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်ပေါ်ပါက ချုပ်ဆိုထားသော သဘောတူစာချုပ်အားဖျက်သိမ်း၍ လုပ်ငန်းရပ်ဆိုင်းမည် ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့် လုပ်ငန်းရှင်/ကုမ္ပဏီများသည် တင်ဒါအဆိုပြုရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည် -

(က) တင်ဒါလျှောက်ထားလိုသော လုပ်ငန်းရှင်/ ကုမ္ပဏီများအနေဖြင့် တင်ဒါအဆိုပြုလွှာ မတင် သွင်းမီ တင်ဒါအာမခံကြေး(Deposit) အဖြစ် ငွေကျပ်သိန်း(၅၀) တိတိအား မြန်မာ့စီးပွားရေး ဘဏ်၊နေပြည်တော်သို့ပေးသွင်းရမည်ဖြစ်ပါသည်။ ပေးသွင်းထားသော တင်ဒါအာမခံကြေး (Payment Order Cheque) မူရင်းအား ငါးလုပ်ငန်းဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစုသို့ အပ်နှံ ထားရမည်။

(ခ) တင်ဒါတင်သွင်းလိုသည့် လုပ်ငန်းရှင်/ကုမ္ပဏီများအနေဖြင့် တင်ဒါအဆိုပြုလွှာလျှောက်ထား ရာတွင်လုပ်ငန်းနှင့်ပတ်သက်သည့်နည်းပညာပိုင်းဆိုင်ရာအဆိုပြုလွှာ(Technical Proposal) အားသီးသန့်စာအိတ်(၁)အိတ်ဖြင့်လည်းကောင်း၊ငှားရမ်းခဈေးနှုန်းအဆိုပြုလွှာ(Lease Price Proposal)အား သီးသန့်စာအိတ်(၁)အိတ်ဖြင့် လည်းကောင်းထည့်သွင်း ဖော်ပြလျှက်ပေးပို့ တင်ပြရမည်။

(ဂ) အဆိုပြုလွှာတင်သွင်းသူသည် နည်းပညာပိုင်းဆိုင်ရာအဆိုပြုလွှာ (Technical Proposal) တွင် အောက်ဖော်ပြပါ အချက်အလက်များကိုထည့်သွင်းတင်ပြရမည် -

(၁) ကုမ္ပဏီဆိုင်ရာအချက်အလက်များ (Company Profile)

(၂) တင်ဒါအာမခံကြေးအဖြစ် ပေးသွင်းထားသော Payment Order Cheque အထောက် အထားမိတ္တူ

(၃) ကုမ္ပဏီ၏ (၃)နှစ် အတွင်း ငွေကြေးဆိုင်ရာအချက်အလက်များ (Financial Statement for (3)Year Issued by Certified Accountant )၊ နိုင်ငံတော်သို့ အခွန်ပေးသွင်း ထားမှုအထောက်အထားများ၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်အထိ အခွန်ကင်းရှင်းကြောင်းအထောက်အထား

(၄) အသေးစိတ်လုပ်ငန်းစီမံချက်(Work Schedule ,Time Schedule) အပါအဝင် ရင်းနှီးမြှုပ်နှံမည် ငွေကြေးပမာဏ(နှစ်အလိုက်)၊ လုပ်ငန်းအမျိုးအစား၊ ပြည်တွင်း/ ပြည်ပ ကျွမ်းကျင် ပညာရှင်များ၊ ဝန်ထမ်းအင်အား၊ စက်ပစ္စည်း၊ အကျိုးအမြတ်များ စသည့်ဖြင့်

(၅) ယခင်ဆောင်ရွက်ခဲ့သော လုပ်ငန်းအတွေ့အကြုံနှင့်အထောက်အထားများ

(၆) အဆိုပြုထားသည့်လုပ်ငန်းသို့ကွင်းဆင်းမှုအထောက်အထား၊ မှတ်တမ်းဓါတ်ပုံများ

(၇) လုပ်ငန်းနှင့်ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာအဆိုပြုလွှာ (Technical Proposal) မူရင်း(၁)စုံနှင့် မိတ္တူ(၃)စောင်ကို တင်သွင်းရမည်။ အဆိုပါမူရင်းနှင့် မိတ္တူများကို စာအိတ် ချိတ်ပိတ်ပြီးစာအိတ်ပေါ်တွင် “ Technical Proposal” ဟု ရေးသားထားရမည်။

(ဃ) အဆိုပြုလွှာတင်သွင်းသူသည် ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) တွင် အောက်ဖော်ပြပါလိုအပ်သည့်အချက်အလက်များကို ထည့်သွင်းတင်ပြရပါမည် -

(၁) အဆိုပြုမည့်လုပ်ငန်းအတွက် တစ်နှစ်ပေးသွင်းနိုင်သည့် မြေနှင့်အဆောက်အဦတို့၏ ဈေးနှုန်းအားခွဲခြား၍ မြန်မာကျပ်ငွေ ဖြင့် ဖော်ပြရမည်။ (ကိန်းဂဏန်းအားဖြင့် လည်းကောင်း၊ စာဖြင့်လည်းကောင်း ထင်ရှားပီသစွာရေးသားရမည်)

(၂) တင်ဒါအာမခံကြေး အဖြစ် ပေးသွင်းထားသော Payment Order Cheque အထောက်အထားမိတ္တူ

(၃) (၁)နှစ်ပေးသွင်းနိုင်သည့် မြေနှင့်အဆောက်အဦးတို့၏ သီးခြားငှားရမ်းခဈေးနှုန်း အဆိုပြုလွှာ(Price Proposal) ကိုလည်း စာအိတ်ချိတ်ပိတ်ပြီး စာအိတ်ပေါ်တွင် “Price Proposal ” ဟု ရေးသားထားရမည်။

(င) နည်းပညာပိုင်းဆိုင်ရာအဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာကို သီးခြားစာအိတ်များဖြင့် ပေးပို့ရမည်။ အကယ်၍ အဆိုပြုလွှာတင်သွင်းသူသည် နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ဈေးနှုန်း အဆိုပြုလွှာများကို သီးခြားစာအိတ်ဖြင့် မဟုတ်ဘဲ စာအိတ် တစ်အိတ်တည်းဖြင့် တင်ပြလာပါက အဆိုပါတင်သွင်းသူသည် ကနဦး စိစစ်အဆင့်အရည်အချင်းပြည့်မီခြင်းမရှိ ဟု သတ်မှတ်ခြင်းခံရမည်။

(စ) အကယ်၍စာအိတ်များမပိတ်ခဲ့ခြင်း (သို့မဟုတ်) အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိခြင်းတို့ကြောင့် စာများပျောက်ဆုံးခြင်း၊ စာအိတ်များပွင့်နေခြင်းဖြစ်နေလျှင် တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှတာဝန်ယူမည်မဟုတ်ပါ။ အဆိုပါတင်သွင်းလွှာများ အားသီးခြားစာအိတ်တွင် ထည့်သွင်းခြင်းမပြုဘဲတင်ပြလာသည့် အဆိုပြုလွှာများကို သော်

လည်းကောင်း၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိသော အဆိုပြုလွှာများကိုလည်းကောင်း တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ အနေဖြင့် အဆိုပြုနည်းပညာ ပိုင်းဆိုင်ရာနှင့်ဈေးနှုန်း အဆိုပြုလွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

(ဆ) တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသည် တင်သွင်းထားသော တင်ဒါတစ်ခုဖြစ်စေ၊ အားလုံး ကိုဖြစ်စေ အကြောင်းတစ်စုံတစ်ရာဖော်ပြခြင်း မပြုပဲ ပယ်ဖျက်ပိုင်ခွင့်ရှိသည်။

(ဇ) နည်းပညာပိုင်းဆိုင်ရာစစ်ဆေးရန်ရှိသည့် တင်ဒါများအတွက်လိုအပ်သည့် Technical ပိုင်းဆိုင်ရာလိုအပ်ချက်များပြည့်စုံမှသာ Price ဈေးနှုန်းအဆိုပြုလွှာကို ဆက်လက် ဖွင့်ဖောက်စစ်ဆေးမည်။ နည်းပညာပိုင်းဆိုင်ရာအရည်အချင်းမပြည့်မီပါက Price အဆိုပြုလွှာကို ဖွင့်ဖောက်ခြင်းမပြုဘဲ ပြန်လည်ပေးအပ်မည်။ စည်းကမ်းချက်များတွင် ဖော်ပြထားသော Technical Proposal တွင် ပါဝင်ရမည့်အချက်များ ပြည့်စုံစွာတင်သွင်းထားခြင်း ရှိ/မရှိ (Chick List) အား အဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာရှိရေးဆောင်ရွက်မည်။ မဖြစ်မနေပါဝင်ရမည့် အချက်အလက်များ တင်ပြထားခြင်းမရှိပါကကနဦးစိစစ်သည့်အဆင့်တွင် အရည်အချင်း မပြည့်မီဟုသတ်မှတ်မည်။

(ဈ) အကယ်၍တင်ဒါတစ်စောင်သည် လိုအပ်သောအာမခံချက်များမပါရှိသည့် တင်ဒါအဆိုပြုလွှာကိုလည်းကောင်း၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ သတ်မှတ်ထားသည့်နေ့ရက်အချိန်ထက်နောက်ကျတင်သွင်းလာသည့်တင်ဒါအဆိုပြုလွှာကိုလည်းကောင်း၊ တင်ဒါစာရွက်စာတမ်းများတွင်ပါရှိသော စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီစွာဆောင်ရွက်ထားခြင်းမရှိသည့် တင်ဒါအဆိုပြုလွှာကိုလည်းကောင်း ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ တင်ဒါတင်သွင်းသူအား တင်ဒါဖွင့်ဖောက်ပြီးနောက်ပိုင်း တင်ဒါတွင်ပါဝင်သော အချက်အလက်များအား ပြင်ဆင်ရန် (သို့မဟုတ်) ရုတ်သိမ်းရန် ခွင့်ပြုမည် မဟုတ်ပါ။

(ည) တင်ဒါအောင်မြင်သော ကုမ္ပဏီသည် မိမိတင်ဒါအောင်မြင်သော လုပ်ငန်းတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ မည်သူကိုမျှ တဆင့်ငှားရမ်းခြင်း၊ ထပ်မံလွှဲပြောင်းပေးခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းများအား လုံးဝခွင့်မပြုပါ။

(ဋ) တင်ဒါအောင်မြင်သည့် လုပ်ကိုင်ခွင့်ရရှိသောပြည်တွင်း/ပြည်ပကုမ္ပဏီသည် မြေ(၁.၁၃)ကေ (၄၉၂၂.၈စတုရန်းပေ) နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦ (၃၂၄၇၉.၃၄၁ စတုရန်းပေ) တို့အား ငှားရမ်းခြင်းလုပ်ငန်းများအတွက် နိုင်ငံတော်သို့ပေးသွင်းရန်ရှိသော မြေငှားခ ပရီမီယံကြေးနှင့်ကုန်သွယ်လုပ်ငန်းခွန် ၅ % ကို သတ်မှတ်ကာလအတွင်း အပြည့်အဝ ပေးသွင်းရမည် ဖြစ်ကြောင်း စာချုပ်တွင် ဖော်ပြထားပါမည်။

(ဌ) မြေငှားခပရီမီယံကြေးကို ငှားရမ်းခြင်းလုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုသည့်နေ့မှ(၃)လ အတွင်း နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငါးလုပ်ငန်းဦးစီးဌာန၊ ငွေစာရင်းအမှတ် MD - 012144 သို့ တစ်ပါတည်းပေးသွင်းရမည်။ ကုန်သွယ်လုပ်ငန်းခွန် ၅ % ကိုလည်း တင်ဒါအောင်မြင်သောကုမ္ပဏီမှ သက်ဆိုင်ရာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရပါမည်။

(ဍ) နိုင်ငံတော်သို့ပေးသွင်းရန်ရှိသော အခြားအခွန်အခများကိုလည်း သတ်မှတ်ချက်များနှင့် အညီ သတ်မှတ်ကာလအတွင်း ပေးသွင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်ပါရှိရပါမည်။

(ဎ) အဆိုပြုလွှာကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ( ၂၁ )ရက် (၁၅ : ၃၀ )နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်။ အထက်ဖော်ပြပါ နောက်ဆုံးတင်သွင်းရမည့်အချိန်ထက် နောက်ကျသော အဆိုပြုလွှာများကိုတင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အဆိုပါနောက်ကျတင်သွင်းလာသော အဆိုပြုလွှာများကို ဖွင့်ဖောက်စစ်ဆေးမည်မဟုတ်ပါ။ အဆိုပြုလွှာတင်သွင်းသူများသည် နည်းပညာအဆိုပြုလွှာ မူရင်းနှင့်မိတ္တူ(၃)စုံ၊ ဈေးနှုန်း အဆိုပြုလွှာမူရင်း(၁)စုံ တို့ကို အောက်ဖော်ပြပါလိပ်စာသို့ လိပ်မူပြီးတင်သွင်းရပါမည် -

**ဥက္ကဋ္ဌ**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်**

**(ဏ)** နည်းပညာဆိုင်ရာအဆိုပြုလွှာနှင့်ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းရာတွင် Email, Internet Data Transfer System များဖြင့်ပေးပို့ခြင်းကို လက်ခံမည်မဟုတ်ပါ။

**(တ)** တင်ဒါဖွင့်ပွဲသို့တက်ရောက်ရန်အတွက် တင်ဒါတင်သွင်းသူများသည် Deposit ပေးသွင်းထားသူများဖြစ်ရပါမည်။ ကိုယ်စားလှယ်စေလွှတ်ရာတွင် ကုမ္ပဏီများအနေဖြင့် ဌာနမှ ခေါ်ယူထားသောလုပ်ငန်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို ဖြေကြားနိုင်သူ၊ အဆုံးအဖြတ်ပေးနိုင်သူ(ကိုယ်စားလှယ်/ဝန်ထမ်း)များကိုသာ ကုမ္ပဏီမှ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့် တာဝန်ပေးစေလွှတ်ရန်နှင့်လိုအပ်သည့်ကိစ္စများတွင် နည်းပညာ၊ အတတ်ပညာပိုင်းဆိုင်ရာကျွမ်းကျင်ပညာရှင်များကိုပါ ထည့်သွင်းစေလွှတ်ရန် လိုအပ်ပါသည်။

**(ထ)** အရေးပေါ်သဘာဝဘေးဒဏ်ကျရောက်သဖြင့်လည်းကောင်း၊ မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) ကြောင့်လည်းကောင်း နိုင်ငံတော်မှလိုအပ်ပါက ရက်ပေါင်း (၃၀)ရက်အတွင်း ဖယ်ရှားပေးမည်ဖြစ်ကြောင်းဝန်ခံကတိလွှာအားပူးတွဲတင်ပြပါရှိရမည်။

**(ဒ)** ကုမ္ပဏီမှ တာဝန်ပေးစေလွှတ်သူသည် မြေငှားရမ်းခြင်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို မဖြေကြားနိုင်ခြင်း၊ အဆုံးအဖြတ်မပေးနိုင်ခြင်းများရှိပါက အဆိုပါကုမ္ပဏီ၏ တင်ပြအဆိုပြုလွှာအား ပယ်ဖျက်ပါမည်။

**(ဓ)** တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ သီးခြားငှားရမ်းခွင့်လျှောက်ထားလာသည့် လုပ်ငန်းရှင်/ကုမ္ပဏီများ၏လျှောက်လွှာများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

**(န)** တင်ဒါအောင်မြင်သော လုပ်ငန်းအား စာချုပ် ချုပ်ဆိုပြီးနောက် စာချုပ်ပါစည်းကမ်းချက်လိုက်နာမှုမရှိပါကကုမ္ပဏီနှင့်ချုပ်ဆိုထားသောစာချုပ်အားဖျက်သိမ်းမည်ဖြစ်သည်။

**(ပ)** တင်ဒါဝင်ရောက်ယှဉ်ပြိုင်သည့်လုပ်ငန်းရှင်/ကုမ္ပဏီများသည် တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ ထုတ်ပြန်ထားသည့် ဤစည်းကမ်းချက်များကို သိရှိနားလည်ပြီးဖြစ်သည်ဟု ယူဆမည်ဖြစ်ပါသည်။

**(ဖ)** တင်ဒါဝင်ရောက်ယှဉ်ပြိုင်သည့် လုပ်ငန်းရှင်/ကုမ္ပဏီများသည် တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှထုတ်ပြန်ထားသည့်စည်းကမ်းချက်များကိုလိုက်နာမှုမရှိလျှင်သော်လည်းကောင်း၊ ဌာနအားအလေးမထားဂရုမပြုဘဲ မထီမဲ့မြင်ပြုလုပ်ပါက လည်းကောင်း တင်ဒါအာမခံကြေး (Deposit) ငွေကို သိမ်းဆည်းခြင်းခံရမည်ဖြစ်ပါသည်။

**(ဗ)** အထက်ပါစည်းကမ်းချက်များအနက်မှ မရှင်းလင်း၍ တစ်စုံတစ်ရာသိရှိလိုသည်များရှိပါက တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီသို့တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ငါးလုပ်ငန်းဦးစီးဌာန**